နိမိတ်ကောက်ခြင်းသည် ရှိရ်က်ဖြစ်သည်။

နိမိတ်ကောက်ခြင်းသည် ရှိရ်က်ဖြစ်သည်။

နိမိတ်ကောက်ခြင်းသည် ရှိရ်က်ဖြစ်သည်။ (ကိုယ်တော်သည်ဤသို့ သုံးကြိမ်တိုင်တိုင် မိန့်ကြားတော်မူခဲ့သည်။) ဆင့်ပြန်သူကပြောသည်မှာ ကျွန်ုပ်တို့အနက်မှ

လူတိုင်းသည် (နိမိတ်ကောက်ရန် စိတ်ဖြစ်ပေါ်တတ်သည်။) သို့သော် အလ္လာဟ်အရှင်မြတ်သည် သဝက္ကုလ်

အရှင်မြတ်အပေါ် ယုံပုံအားကိုးမှုဖြင့်

နိမိတ်ကောက်လိုသောစိတ်ကို ဖယ်ရှားပေးတော်မူလိုက်သည်။

အဗ်ဒုလ္လာဟ်ဗင်န် မတ်စ်အူးဒ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ နိမိတ်ကောက်ခြင်းသည် ရှိရ်က်ဖြစ်သည်။ နိမိတ်ကောက်ခြင်းသည်
ရှိရ်က်ဖြစ်သည်။ နိမိတ်ကောက်ခြင်းသည် ရှိရ်က်ဖြစ်သည်။ (ကိုယ်တော်သည် ဤသို့
သုံးကြိမ်တိုင်တိုင် မိန့်ကြားတော်မူခဲ့သည်။) ဆင့်ပြန်သူကပြောသည်မှာ
ကျွန်ုပ်တို့အနက်မှ လူတိုင်းသည် (နိမိတ်ကောက်ရန် စိတ်ဖြစ်ပေါ်တတ်သည်။) သို့သော်
အလ္လာဟ်အရှင်မြတ်သည် သဝက္ကုလ် အရှင်မြတ်အပေါ် ယုံပုံအားကိုးမှုဖြင့်
နိမိတ်ကောက်လိုသောစိတ်ကို ဖယ်ရှားပေးတော်မူလိုက်သည်။ [صحيح] [رواه أبو داود والترمذي وابن ماجه وأحمد]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ငှက်များ၊ တိရစ္ဆာန်များ၊ရောဂါသည်များ၊ နံပါတ်များ၊ နေ့ရက်များနှင့် အခြားအရာများကို ကြားခြင်း၊မြင်ခြင်းဖြင့် နိမိတ်ကောက်ခြင်းကို သတိပေးတားမြစ်တော်မူထားသည်။ ဟဒီးဆ်တော်တွင်သွိယရဟ် (ငှက်ဖြင့်နိမိတ်ကောက်ခြင်း)ကို ဖော်ပြထားသည်။ အဘယ်ကြောင့်ဆိုသော်ထိုလုပ်ရပ်သည် ဂျဟိလိယ္ယဟ် အမိုက်ခေတ်တွင်‌ အလွန်ပင်ကျော်ကြားသည်။၎င်း၏ပုံသဏ္ဌာန်မှာ အလုပ်လုပ်ရန် သိုမဟုတ် ခရီးသွားရန် သိုမဟုတ်ကိစ္စတစ်ခုကိုဆောင်ရွက်ရန် ငှက်တစ်ကောင်ကို လွှတ်လိုက်ပြီး အကယ်၍ငှက်သည်လက်ယာဘက်သို ပျံသန်းသွားပါက နိမိတ်ကောင်းကောက်၍ မိမိရည်ရွယ်ထားသည့်ကိစ္စကိုဆောင်ရွက်သည်။ အကယ်၍ငှက်သည် လက်ဝဲဘက်သို ပျံသန်းသွားပါက နိမိတ်ဆိုးကောက်၍မိမိရည်ရွယ်ထားသည့်ကိစ္စကို ရပ်တန့်လိုက်သည်။ ကိုယ်တော်က ထိုလုပ်ရပ်ကို ရှိရ်က်ဟုမိန့်ကြားထားသည်။ အဘယ်ကြောင့်ဆိုသော် ကောင်းခြင်းဟူသမျှကို အလ္လာဟ်အရှင်မြတ်ကသာချီးမြှင့်တော်မူခြင်းဖြစ်ပြီး မကောင်းခြင်းဟူသမျှကို တစ်ပါးတည်း တည်ရှိတော်မှုသောတုဘက်နှိုင်းယှဉ်ခြင်းကင်းတော်မူသော အလ္လာဟ်အရှင်မြတ်မှအပ မည်သူမျှမဖယ်ရှားပေးနိုင်သည့်အတွက် ထိုသို့ နိမိတ်ဆိုးကောက်ခြင်းသည် ရှိရ်က်ဖြစ်သည်။အိဗ်နုမတ်စ်အူးဒ် (ရဿွိယလ္လာဟုအန်ဟု)က တင်ပြထားသည်မှာမွတ်စ်လင်မ်တစ်ဦး၏နှလုံးသားတွင် တစ်ခါတစ်ရံ နိမိတ်ဆိုးကောက်ခြင်း ဖြစ်ပေါ်တတ်သည်။

□□□□□□□□ □□□□□□□□□□□□ □□□□□□□□□□□□□□□□□□ □□□□□□□□□□□ □□□□□□□□□□□□□□□□□□